အားလုံးကအဓိကဦးဆောင်သူဖြစ်မည့်

# စာဂါ့ ယဉ်ကျေးမှုပေါင်းစုံဖြင့်အတူတကွနေထိုင်ခြင်းလုပ်ဆောင်ချက်

## ～ဤစီမံချက်၏ဦးတည်ချက်နှင့်ကြိုးပမ်းမှုဥပမာ～

၂၀၂၃ခုနှစ်မတ်လ

စာဂါ့ခရိုင်

စာဂါ့ခရိုင်တွင်နေထိုင်သည့်နိုင်ငံခြားသားများအတွက်ထုတ်ဝေခြင်း

## စာဂါ့ခရိုင်မှမျှော်မှန်းထားသည့်လူ့အဖွဲ့အစည်း

# နိုင်ငံခြားသားများနှင့်ဂျပန်လူမျိုးများအပြန်အလှန်လေးစား၍ အတူတကွလှုပ်ရှားမှုများလုပ်ဆောင်နိုင်သည့်စာဂါ့ကိုဖန်တီးခြင်း

## နိဒါန်း

စာဂါ့ခရိုင်တွင်နေထိုင်နေသည့်နိုင်ငံခြားသားများအားလုံး မင်္ဂလာပါ

ဤစာတမ်းသည်စာဂါ့ခရိုင်တွင်နေထိုင်နေသည့်နိုင်ငံခြားသားများနှင့်ဂျပန်လူမျိုးများက လူအမျိုးမျိုး၊အဖွဲ့အစည်းအမျိုးမျိုးတွင်အတူတကွ[တောက်လျှောက်နေထိုင်သွားချင်မိသည့်စာဂါ့ခရိုင်] ကိုပြုလုပ်ရန်အတွက်တယောက်ချင်းစီကကြိုးပမ်းရမည့်အရာများကိုစုစည်းပေးထားသည့်စာတမ်းဖြစ်သည်။

## ဘာကြောင့် [စာဂါ့ ယဉ်ကျေးမှုပေါင်းစုံဖြင့်အတူတကွနေထိုင်ခြင်းလုပ်ဆောင်ချက်]ကလိုအပ်ပါသလဲ


ယဉ်ကျေးမှုပေါင်းစုံဖြင့်အတူတကွနေထိုင်ခြင်း[TabunkaKyousei]ဆိုသည့်စကားလုံး၏အဓိပ္ပါယ်ကိုအားလုံး သိကြပါသလား။

ယဉ်ကျေးမှုပေါင်းစုံပေါင်းစပ်ခြင်းဆိုသည်မှာ[လူမျိုး/နိုင်ငံသားမတူညီကြသည့်လူများကအပြန်အလှန်အချင်း ချင်းယဉ်ကျေးမှုမတူညီမှုကိုအသိအမှတ်ပြုကြ၍ခွဲခြားဆက်ဆံမှုမရှိရလေအောင်ပြုလုပ်၍ ဤလူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်တယောက်အနေဖြင့်အတူတကွနေထိုင်သွားကြမည်](ပြည်တွင်းရေးရာနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ အဓိပ္ပါယ်ဖွင့်ဆိုချက်) ဆိုသည့်အဓိပ္ပါယ် ဖြစ်သည်။

တနိုင်ငံလုံးအတိုင်းအတာဖြင့်ကလေးမွေးဖွားနှုန်းကျဆင်းခြင်းနှင့်သက်ကြီးရွယ်အိုများပြားလာမှုသည် လျှင်မြန်စွာတိုးပွါးလာပေမဲ့လည်းအမျိုးသား၊အမျိုးသမီး၊သက်ကြီးရွယ်အို၊လူငယ်လူရွယ်၊ကလေးရှိသည့်

မိသားစုထို့အပြင်နိုင်ငံခြားသားများလည်းလုံခြုံစိတ်ချရသောနေ့စဥ်ဘဝ၊တက်တက်ကြွကြွနှင့်အလုပ်လုပ်နိုင်သောလုပ်ငန်းခွင်မျိုးရှိသည့် ခရိုင်ဒေသမျိုးကိုတည်ဆောက်ရန်တောင်းဆိုလာကြသည်။

ထို့ကြောင့်စာဂါ့ခရိုင်သည်[စာဂါ့ယဥ်ကျေးမှုပေါင်းစုံဖြင့်အတူတကွနေထိုင်ခြင်းလုပ်ဆောင်ချက်]ကိုအကောင်အထည်ဖော်၍ စာဂါ့ခရိုင်တွင်နေထိုင်သည့် နိုင်ငံခြားသားများနှင့် ဂျပန်လူမျိုးများ သည် အပြန်အလှန်အချင်းချင်းမတူညီကွဲပြားနေကြသည့်ယဥ်ကျေးမှု၊ဓလေ့ထုံးစံ၊ကိုးကွယ်ယုံကြည်မှုများကိုနားလည်ကာထို့အပြင်အပြန်အလှန်အချင်းချင်းလေးစားကြ၍ခရိုင်တခုထဲတွင်အတူတကွနေထိုင်ကြသူများအနေဖြင့်အတူတကွလှုပ်ရှားမှုများလုပ်ဆောင်နိုင်သည့်စာဂါ့ခရိုင်ကိုဖန်တီးရန်အတွက်အားလုံးနှင့်အတူလုပ်ဆောင်သွားကြမည်။ ဤကြိုးပမ်းမှုမှတဆင့်စာဂါ့ခရိုင်သည်နိုင်ငံခြားသားများ၊ဂျပန်လူမျိုးများဆီမှရွေးချယ်ခံရသည့်ခရိုင်ဒေသဖြစ်ရန်အတွက်မျှော်မှန်းနေလျက်ရှိသည်။





စာဂါ့ခရိုင်တွင်နေထိုင်သည့်နိုင်ငံခြားနိုင်ငံသားများ : ဂျပန်နိုင်ငံသားမခံယူထားသည့်သူများ

စာဂါ့ခရိုင်တွင်နေထိုင်သည့်နိုင်ငံခြားသားဂျပန်နိုင်ငံသားများ : ဂျပန်နိုင်ငံသားမခံယူထားသည့်သူများ

သာလျှင်မကပဲဂျပန်နိုင်ငံသားခံယူထားသည့်နိုင်ငံခြားသားများ၊နိုင်ငံခြားတိုင်းပြည်များနှင့်ဆက်စပ်မှုရှိသောသူများ

## ယဉ်ကျေးမှုပေါင်းစုံဖြင့်အတူတကွနေထိုင်နိုင်သည့်ဒေသမျိုးကိုဖန်တီးရန်ဘယ်လိုဆက်လုပ်သွားမလဲ

အောက်ပါလမ်းညွှန်ချက်များကိုအခြေခံ၍ခရိုင်အတွင်းယဉ်ကျေးမှုပေါင်းစုံဖြင့်အတူတကွနေထိုင်နိုင်သည့်ဒေသကိုဖန်တီးရန်ဆက်လက်လုပ်ဆောင်သွားမည်။




ထို့အပြင်အပေါ်တွင်ဖော်ပြထားသည့်လမ်းညွှန်ချက်၃ချက်ကိုအခြေခံထားသည့်စီမံချက်များကိုလုပ်ဆောင်သွားမည်။အထူးသဖြင့် အောက်ပါကြိုးပမ်းမှုဦးတည်ချက်၇မျိုးကိုပြင်ဆင်၍ကြိုးပမ်းမှုလမ်းညွှန်ချက်၁၇မျိုးကို ဖော်ပြကာကြိုးပမ်းသွားမည်။

○ မည်သူမဆိုလှုပ်ရှားသွားလာနိုင်သည့်ပတ်ဝန်းကျင်မျိုးကိုပြင်ဆင်ခြင်း

### ကြိုးပမ်းမှုဦးတည်ချက် ၁

**ဒေသရှိလူအဖွဲ့အစည်း၏ယဉ်ကျေးမှုပေါင်းစုံဖြင့်အတူတကွနေထိုင်ခြင်းဆိုသည့်အတွေးအမြင်ကိုလက်ခံမွေးမြူခြင်း**

စာဂါ့ခရိုင်နေနိုင်ငံခြားသားများ၊ဂျပန်လူမျိုးများသည်အပြန်အလှန်အချင်းချင်းနားလည်ကာလေးစားကြ၍အတူတကွလှုပ်ရှားသွားလာနိုင်သောဒေသမျိုးကိုပြုလုပ်ဖန်တီးရန်အတွက်[ယဉ်ကျေးမှုပေါင်းစုံဖြင့်အတူတကွနေထိုင်ခြင်းဆိုသည့်အတွေးအမြင်ကိုလက်ခံမွေးမြူခြင်း]သည်မရှိမဖြစ်လိုအပ်သည်။ထို့အတွက်ကြောင့်ယဉ်ကျေးမှုပေါင်းစုံဖြင့်အတူတကွနေထိုင်ခြင်းဆိုသည့်အတွေးအခေါ်၏နက်နဲမှု၊အချင်းချင်းနားလည်မှုရှိခြင်း၊ဖလှယ်ခြင်းစသည်တို့ကိုလုပ်ဆောင်နိုင်သည့်အခွင့်အရေးကိုဖန်တီးခြင်း၊လူ့စွမ်းအားအရင်းအမြစ်ပြုစုပျိုးထောင်ခြင်းစသည်တို့မှတဆင့်ယဉ်ကျေးမှုပေါင်းစုံဖြင့်အတူတကွနေထိုင်ခြင်းဆိုသည့်အတွေးအမြင်ကို လက်ခံမွေးမြူသွားမည်။

#### ကြိုးပမ်းမှုလမ်းညွှန်ချက်(၁)

ယဉ်ကျေးမှုပေါင်းစုံဖြင့်အတူတကွနေထိုင်ခြင်းဆိုသည့်အတွေးအခေါ်ကိုသိရှိ၍စာဂါ့ခရိုင်နေနိုင်ငံခြားသားများ၊ဂျပန်လူမျိုးများသည်အပြန်အလှန်အချင်းချင်းနားလည်မှုယူနိုင်သည့်အခွင့်အလမ်းများကို ဖန်တီးယူခြင်း

#### ကြိုးပမ်းမှုလမ်းညွှန်ချက်(၂)

ကျောင်းများ၊လူမှုအသိုင်းအဝိုင်းများတွင်စာဂါ့ခရိုင်နေနိုင်ငံခြားသားများနှင့်နီးနှော ဖလှယ်နိုင်သည့်အခွင့်အလမ်းများကိုပြုလုပ်ထားခြင်း

#### ကြိုးပမ်းမှုလမ်းညွှန်ချက်(၃)

လူမှုအသိုင်းအဝိုင်းများတွင်ယဉ်ကျေးမှုပေါင်းစုံဖြင့်အတူတကွနေထိုင်ခြင်းကိုဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားနိုင်မည့်လူ့စွမ်းအားအရင်းအမြစ်ကိုပြုစုပျိုးထောင်ခြင်းနှင့်အတူအဖွဲ့အစည်းများ၏အားပေးထောက်ခံမှု

【အဓိကကျသောကြိုးပမ်းမှု】

*အတူတကွနေထိုင်ခြင်းနှင့်ယဉ်ကျေးမှုမတူညီကွဲပြားမှုနှင့်သက်ဆိုင်သည့်　သင်တန်းများကိုလက်တွေ့အကောင်အထည်ဖော်ခြင်း

*ရပ်မိရပ်ဖအစည်းအဝေးများကျင်းပခြင်း

*လူမှုအသိုင်းအဝိုင်း၊ကျောင်းများတွင်နီးနှောဖလှယ်ပွဲများကိုကျင်းပခြင်း

*ဒေသခံပွဲများသို့လည်းနိုင်ငံခြားသားပါဝင်မှုများပြားလာအောင်ပြုလုပ်ခြင်း

*ဒေသခံပွဲများသို့လည်းနိုင်ငံခြားသားပါဝင်မှုများပြားလာအောင်ပြုလုပ်ခြင်း

○ စိတ်လုံခြုံမှုရှိပြီးနေထိုင်နိုင်မည့်ပတ်ဝန်းကျင်ကိုပြင်ဆင်ခြင်း

## ကြိုးပမ်းမှုဦးတည်ချက် ၂

### နေ့စဉ်ဘဝကိုထောက်ပံ့ပေးခြင်း

စာဂါ့ခရိုင်တွင်နေထိုင်သောနိုင်ငံခြားသားများမည်သူမဆိုလွယ်ကူစွာနေ့စဉ်ဘဝတွင်လိုအပ်သောလူအများနှင့်ဆိုင်သောဝန်ဆောင်မှုများကိုအသုံးပြုနိုင်၍နေ့စဉ်ဘဝတွင်လိုအပ်နေသောသတင်းအချက်အလက်များကိုလည်းရရှိနိုင်ကာစာဂါ့ခရိုင်တွင်နေထိုင်သောနိုင်ငံခြားသားများ၏ရှုထောင့်မှကြည့်၍နေ့စဉ်ဘဝကိုထောက်ပံ့ပေးသွားမည်

**ကြိုးပမ်းမှုလမ်းညွှန်ချက်(၁)**

လူအများနှင့်ဆိုင်သောဝန်ဆောင်မှုများနှင့်အတူထိုလမ်းညွှန်ချက်များကိုပြည့်မီအောင်လုပ်ခြင်း

**ကြိုးပမ်းမှုလမ်းညွှန်ချက်(၂)**

နေ့စဉ်ဘဝ၊ယာဉ်စည်းကမ်းလမ်းစည်းကမ်းများနှင့်အသားကျအောင်ပြုလုပ်ပေးသည့်အခွင့်အလမ်းများတိုးပွါးလာခြင်း

【အဓိကကျသောကြိုးပမ်းမှု】

＊လူအများနှင့်သက်ဆိုင်သောဝန်ဆောင်မှုများနှင့်ပတ်သက်သည့်သတင်းအချက်အလက်များကိုစုပေါင်းဖော်ပြထားခြင်း

＊စာဂါ့ခရိုင်တွင်နေထိုင်လျက်ရှိသည့်နိုင်ငံခြားသားများနှင့်သက်ဆိုင်သောတိုင်ပင်ဆွေးနွေးခြင်းဟူသည့် စနစ်များကိုပြင်ဆင်ထားခြင်း

＊ကဏ္ဍတိုင်းတွင်ကျင့်သားရအောင်ပြုလုပ်ပေးခြင်း

## ကြိုးပမ်းမှုဦးတည်ချက် ၃

### ဘာသာစကားအမျိုးမျိုးနှင့်အတူ ဂျပန်စာဂျပန်စကားကိုလွယ်ကူအောင်ပြုလုပ်ခြင်း

စာဂါ့ခရိုင်တွင်နေထိုင်နေသောနိုင်ငံခြားသားများသည်မေးမြန်းစုံစမ်းရန်နေရာများ၊ဌာနများတွင်ဘာသာစကား၏အခက်အခဲ၊အတားအဆီးမရှိချောမွေ့စွာအသုံးပြုနိုင်ရန်၊ထို့အပြင်မေးမြန်းစုံစမ်းရန်နေရာများ၊ဌာနများမှဝန်ထမ်းများမှလည်းစာဂါ့ခရိုင်တွင်နေထိုင်နေသောနိုင်ငံခြားသားများနှင့်ချောချောမွေ့မွေ့ဆက်သွယ်နိုင်ရန်ဘာသာစကားအမျိုးမျိုးနှင့်အတူဂျပန်စာဂျပန်စကားကိုလွယ်ကူအောင်ပြုလုပ်သွားမည်

**ကြိုးပမ်းမှုလမ်းညွှန်ချက်(၁)**

မေးမြန်းစုံစမ်းရန်နေရာများ၊ဌာနများတွင်ဘာသာစကားအမျိုးမျိုးနှင့်အတူဂျပန်စာဂျပန်စကားကိုလွယ်ကူအောင်ပြုလုပ်ရန်ကြိုးပမ်းခြင်း

**ကြိုးပမ်းမှုလမ်းညွှန်ချက်(၂)**

မေးမြန်းစုံစမ်းရန်နေရာများ၊ဌာနများနှင့်လူမှုအသိုင်းအဝိုင်းများတွင်လွယ်ကူသောဂျပန်စာဂျပန်စကားနှင့်ပတ်သက်သည့်အသိဉာဏ်ကိုတိုးမြှင့်ခြင်း

【အဓိကကျသောကြိုးပမ်းမှု】

＊Call center စသည့်နေရာများတွင်ဘာသာစကားအမျိုးမျိုးကိုထည့်သွင်းထားခြင်း

＊လွယ်ကူသောဂျပန်စာဂျပန်စကားပိုမိုကျယ်ပြန့်လာစေရန်လှုပ်ရှားမှုများလုပ်ခြင်း

○ စိတ်လုံခြုံမှုရှိပြီးနေထိုင်နိုင်မည့်ပတ်ဝန်းကျင်ကိုပြင်ဆင်ခြင်း

## ကြိုးပမ်းမှုဦးတည်ချက် ၄

### ဂျပန်စာသင်ကြားနေသူများ၏လိုအပ်ချက်နှင့်ကိုက်ညီသည့်သင်ကြားမှုပုံစံများကိုထောက်ပံ့ပေးခြင်း

ဂျပန်စာသင်ကြားသူများစာလေ့လာရန်လွယ်ကူသောပတ်ဝန်းကျင်မျိုးကိုဖန်တီးပြုလုပ်ရန်အတွက်စာသင်ကြားသူတယောက်၏ရှုထောင့်မှနေ၍ဒေသတွင်းရှိဂျပန်စာကျောင်းများ၏စီမံမှုများ၊လူ့စွမ်းအားအရင်းအမြစ်ကိုပြုစုပျိုးထောင်ခြင်းစသည်တို့ပါဝင်သည့်စီမံရေးစနစ်များကိုဖန်တီးပြုလုပ်သွားရန်မျှော်မှန်းထားသည်။ ထို့အပြင်အနာဂတ်တွင်တိုးပွါးလာနိုင်သည့်ဂျပန်စာဂျပန်စကားသင်ယူရန်လိုအပ်သည့်ကလေးငယ်များ၊ကျောင်းသားကျောင်းသူများ၊အုပ်ထိန်းသူများကိုထောက်ပံ့ပေးသည့်စနစ်ကိုပိုမိုခိုင်မာစွာပြုလုပ်၍ထောက်ပံ့ပေးသွားရန်မျှော်မှန်းထားသည်

#### ကြိုးပမ်းမှုလမ်းညွှန်ချက်(၁)

ဂျပန်စာသင်ကြားသူများ၏လိုအပ်ချက်များကိုအခြေခံထားသည့်စာသင်ခန်းကိုဖန်တီးပြုလုပ်ခြင်း၊စီမံမှု(နေရာ၊အချိန်၊စာသင်ကြားသည့်ပုံစံ၊စနစ်စသည်)နှင့်အတူစနစ်ကိုလည်းပိုမိုအားကောင်းအောင်ပြုလုပ်ခြင်း

#### ကြိုးပမ်းမှုလမ်းညွှန်ချက် (၂)

စာသင်ခန်းလှုပ်ရှားမှုများကိုအစီအစဉ်ဆွဲခြင်း၊လက်တွေ့လုပ်ဆောင်နိုင်သည့်လူ့စွမ်းအားအရင်းအမြစ်ကိုပြုစုပျိုးထောင်ခြင်း

#### ကြိုးပမ်းမှုလမ်းညွှန်ချက် (၃)

ကျောင်းများတွင်ဂျပန်စာသင်ကြားပေးရန်လိုအပ်မှုမြင့်မားလာသည်ကိုအခြေခံ၍အုပ်ထိန်းသူ၏ထောက်ပံ့အားပေးမှုနှင့်အတူစနစ်၊ဌာနအချင်းချင်းပူးပေါင်းလုပ်ဆောင်မှုကိုပိုမိုအားကောင်းအောင်ပြုလုပ်ခြင်း

【အဓိကကျသောကြိုးပမ်းမှု】

*ဂျပန်စာသင်ကြားပေးသည့်ကျောင်းမရှိသည့်ဒေသများတွင် ကျောင်းများဖွင့်လှစ်ပေးခြင်း

*ဒေသရှိဂျပန်စာသင်ကြားပေးသည့်ကျောင်းများကိုလူမှုကွန်ယက်များတွင်သိရှိအောင်ပြင်ဆင်ထားခြင်း

*ကျောင်းများတွင်ဂျပန်စာသင်ကြားပေးမည့်ဆရာများကိုပြုစုပျိုးထောင်ခြင်းနှင့်ဂျပန်စာသင်ကြားပေးရန်စေလွှတ်ခြင်း

## ကြိုးပမ်းမှုဦးတည်ချက် ၅

### နေ့စဉ်ဘဝ၊ဘေးအန္တရာယ်များ၊ဒေသနှင့်သက်ဆိုင်သောသတင်းအချက်အလက်ပေးပို့ခြင်း ကို ပိုမိုအားကောင်းအောင်ပြုလုပ်ခြင်း

စာဂါ့ခရိုင်တွင်နေထိုင်နေသောနိုင်ငံခြားသားများလိုအပ်သည့်နေ့စဉ်ဘဝ၊ဘေးအန္တရာယ်၊ဒေသနှင့်သက်ဆိုင်သောသတင်းအချက်အလက်များကိုအချိန်ကိုက်နားလည်လွယ်သည့်ပုံစံဖြင့်ပေးနိုင်ရန်သတင်းအချက်အလက်ပေးပို့ခြင်းစနစ်များနှင့်ပေးပို့ခြင်းနည်းလမ်းများကိုအကောင်အထည်ဖော်လုပ်ဆောင်သွားမည်။အထူးသဖြင့်ဘေးအန္တရာယ်များနှင့်ပတ်သက်သောသတင်းအချက်အလက်များတွင်ဘာသာစကားအမျိုးမျိုးဖြင့်သတင်းပေးပို့သည့်စနစ်ကိုပိုမိုအားကောင်းအောင်ပြုလုပ်ခြင်းနှင့်အတူစာဂါ့ခရိုင်တွင်နေထိုင်နေသောနိုင်ငံခြားသားများကဘေးအန္တရာယ်များနှင့်ဘေးအန္တရာယ်ကာကွယ်ခြင်းနှင့်သက်ဆိုင်သောဗဟုသုတများကိုရရှိရန်လွယ်ကူသောပတ်

#### ကြိုးပမ်းမှုလမ်းညွှန်ချက် (၁)

ခရိုင်၊ရပ်မိရပ်ဖအုပ်ချုပ်ရေးအဖွဲ့များကနိုင်ငံခြားသားနေထိုင်သူများဆီသတင်းအချက်အလက်များပေးပို့မည့်နည်းလမ်းများကိုစဉ်းစားသုံးသပ်ခြင်း

#### ကြိုးပမ်းမှုလမ်းညွှန်ချက် (၂)

ဘေးအန္တရာယ်များနှင့်ဘေးအန္တရာယ်ကာကွယ်ခြင်းနှင့်သက်ဆိုင်သောဗဟုသုတများကိုရရှိခြင်း

#### ကြိုးပမ်းမှုလမ်းညွှန်ချက် (၃)

ဘေးအန္တရာယ်များနှင့်သက်ဆိုင်သောသတင်းအချက်အလက်များကိုပေးပို့ခြင်းစနစ်များကိုပြင်ဆင်ထားခြင်း

【အဓိကကျသောကြိုးပမ်းမှု】

*SNSမှသတင်းအချက်အလက်များကိုပေးပို့ခြင်း

*ဘေးအန္တရာယ်များနှင့်သက်ဆိုင်သော Seminar များ၊ ထရိန်နင်များပြုလုပ်ကျင်းပခြင်း

*ဘေးအန္တရာယ်များနှင့်ပတ်သက်သောသတင်းအချက်အလက်များကိုဘာသာစကားအမျိုးမျိုးဖြင့်ထောက်ပံ့ပေးသည့်စင်တာကိုပြင်ဆင်ထားခြင်း

○ မည်သူမဆိုလှုပ်ရှားသွားလာရန်လွယ်ကူသည့်ပတ်ဝန်းကျင်မျိုးကိုပြင်ဆင်ခြင်း

## ကြိုးပမ်းမှုဦးတည်ချက် ၆

### ဒေသ၊လုပ်ငန်းခွင်တို့ တွင်လှုပ်ရှားသွားလာနိုင်သောပတ်ဝန်းကျင်ကိုပြင်ဆင်ခြင်း

စာဂါ့ခရိုင်တွင်နေထိုင်နေသောနိုင်ငံခြားသားများသည်ဒေသတွင်း၊လုပ်ငန်းတခုခုတွင်လုပ်ငန်းများလုပ်ဆောင်နိုင်ရန်ဒေသတွင်း၊လုပ်ငန်းတခုခုမှာရှိသည့်စာဂါ့ခရိုင်တွင်နေထိုင်နေသောနိုင်ငံခြားသားများကိုလက်ခံခြင်းဆိုသည့်နားလည်နိုင်စွမ်းကိုပိုမိုမြှင့်တင်သွားမည်။စာဂါ့ခရိုင်တွင်နေထိုင်နေသောနိုင်ငံခြားသားများကအလုပ်လုပ်ရန်လွယ်ကူသောပတ်ဝန်းကျင်မျိုးကိုပြင်ဆင်ဖို့ရန်ထက်မည်သူမဆိုအလုပ်လုပ်ရန်လွယ်ကူသည့်ပတ်ဝန်းကျင်မျိုးကိုပြင်ဆင်သွားဖို့မျှော်မှန်းထားသည်

**ကြိုးပမ်းမှုလမ်းညွှန်ချက် (၁)**

စာဂါ့ခရိုင်တွင်နေထိုင်နေသောနိုင်ငံခြားသားများကဒေသတွင်းပိုမိုလှုပ်ရှားသွားလာနိုင်သည့်အခွင့်အလမ်းများကိုဖန်တီးပေးထားခြင်း

**ကြိုးပမ်းမှုလမ်းညွှန်ချက် (၂)**

ခရိုင်အတွင်းတွင်အလုပ်လုပ်ကိုင်နိုင်ရန်အတွက်အလုပ်အကိုင်ထောက်ပံ့ခြင်းနှင့်အတူနိုင်ငံခြားသားများကိုလုပ်ငန်းခွင်များတွင်လက်ခံသည့်လုပ်ငန်းနေရာများ၏နားလည်နိုင်စွမ်းကို မြှင့်တင်ခြင်း

**ကြိုးပမ်းမှုလမ်းညွှန်ချက် (၃)**

နိုင်ငံခြားသားလုပ်သားများကိုလက်ခံသည့်လုပ်ငန်းနေရာများတွင်အလုပ်လုပ်ကိုင်ရလွယ်ကူသောလုပ်ငန်းခွင်ပတ်ဝန်းကျင်ကိုဖန်တီးပေးခြင်း

【အဓိကကျသောကြိုးပမ်းမှု】

＊စာဂါ့ခရိုင်တွင်နေထိုင်နေသောနိုင်ငံခြားသားများကိုအလုပ်အကိုင်နှင့်ပတ်သက်၍ဆွေးနွေးခြင်းနှင့်အတူလုပ်ငန်းအမျိုးစားများနှင့်ကိုက်ညီမှုရှိအောင်ပြုလုပ်ခြင်း

＊နိုင်ငံခြားသားပညာတော်သင်ကျောင်းသားများ၏မြို့ခရိုင်တို့နှင့်သက်ဆိုင်သောလုပ်ငန်းများတွင်ပူးပေါင်းပါဝင်လာခြင်း

＊လုပ်ငန်းခွင်များတွင်နိုင်ငံခြားသားလုပ်သားများကိုလက်ခံလာခြင်း

＊လုပ်ငန်းများ၏ လုပ်ငန်းခွင်ပတ်ဝန်းကျင်ကိုပိုမိုကောင်းမွန်လာစေရန် ထောက်ပံ့ခြင်း

○ မည်သူမဆိုလှုပ်ရှားသွားလာနိုင်သည့်ပတ်ဝန်းကျင်မျိုးကိုပြင်ဆင်ခြင်း
○ စိတ်လုံခြုံမှုရှိပြီးနေထိုင်နိုင်မည့်ပတ်ဝန်းကျင်ကိုပြင်ဆင်ခြင်း
○ ယဉ်ကျေးမှုပေါင်းစုံဖြင့်အတူတကွနေထိုင်ခြင်းဆိုသည့်အတွေးအမြင်ကိုလက်ခံမွေးမြူခြင်း

## ကြိုးပမ်းမှုဦးတည်ချက် ၇

### စာဂါ့ခရိုင်နှင့် SPIRA မှလက်တွေ့လုပ်ဆောင်နေသောလုပ်ငန်းများကိုသိရှိခြင်း

စာဂါ့ခရိုင်နှင့်SPIRAမှလက်တွေ့လုပ်ဆောင်နေသော[ယဉ်ကျေးမှုပေါင်းစုံဖြင့်အတူတကွနေထိုင်ခြင်းစင်တာ]တွင်တိုင်ပင်ဆွေးနွေးခြင်း၊နေ့စဉ်ဘဝကိုထောက်ပံ့ပေးခြင်း၊ဒေသခံများနှင့်နှီးနှောဖလှယ်ခြင်းများကိုဆက်လက်လုပ်ဆောင်ခြင်း၊လုပ်ငန်းခွင်ပတ်ဝန်းကျင်ကိုပြင်ဆင်ပေးခြင်းစသည့်ကြိုးပမ်းမှုများလုပ်ဆောင်နေသည်ကိုသိရှိကာစာဂါ့ခရိုင်တွင်နေထိုင်နေသောနိုင်ငံခြားသားများ၊ဂျပန်လူမျိုးများတွင်ရှိနေသောပူပင်သောကများ၊အခက်အခဲများကိုဖြေရှင်းပေးနိုင်မည့်လုပ်ငန်းများကိုအကောင်အထည်ဖော်ခြင်း၊အများပြည်သူများသိရှိအောင်ကြေညာခြင်း စသည်တို့ကိုပိုမိုအားကောင်းအောင်လုပ်ဆောင်သွားမည်

**ကြိုးပမ်းမှုလမ်းညွှန်ချက် (၁)**

လက်တွေ့လုပ်ဆောင်နေသောလုပ်ငန်းများနှင့်သင့်တော်သောသတင်းအချက်အလက်များကိုပေးပို့ခြင်း၊ဆွေးနွေးတိုင်ပင်ပေးခြင်းကိုလုပ်ဆောင်သည့်လုပ်ငန်းများရှိသည်ကိုစာဂါ့ခရိုင်တွင်နေထိုင်နေသောနိုင်ငံခြားသားများ၊ဂျပန်လူမျိုးများပိုမိုသိရှိအောင်ပြုလုပ်ခြင်း

【အဓိကကျသောကြိုးပမ်းမှု】

＊လက်တွေ့လုပ်ဆောင်နေသောလုပ်ငန်းများကိုအသိပေးအကြောင်းကြားခြင်း

## ဘယ်သူက ဘယ်လိုမျိုးကြိုးပမ်းကြမလဲ

### လုပ်ငန်းနေရာများစသည်

နိုင်ငံခြားသားလုပ်သားများ၏အလုပ်လုပ်ကိုင်ရာပတ်ဝန်းကျင်၊နေ့စဉ်ဘဝနေထိုင်ရာပတ်ဝန်းကျင်ကိုပြင်ဆင်ပေး၍နီးနှောဖလှယ်ခြင်းများကိုလည်းမြှင့်တင်ခြင်း

### CSO (အရပ်ဘက်အဖွဲ့အစည်းများ)

Know-How၊Networkတို့ကိုအသုံးပြုကာနိုင်ငံခြားသားများထောက်ပံ့ခြင်းကိုလက်တွေ့လုပ်ဆောင်ခြင်း

### တိုင်းပြည်

နိုင်ငံအဝင်အထွက်၊အလုပ်ခန့်အပ်ခြင်း၊အလုပ်လုပ်ကိုင်ခြင်းနှင့်သက်ဆိုင်သောစနစ်အမျိုးမျိုး၏ကြိုးပမ်းမှုများကိုလက်တွေ့လုပ်ဆောင်ခြင်း

### ရပ်မိရပ်ဖအဖွဲ့အစည်းများ၊မြို့ခံများ၏ ပူးပေါင်းဆောင်ရွက်မှုစသည်

ဒေသတွင်းလှုပ်ရှားမှုများပါဝင်လာခြင်းနှင့်ဒေသနှင့်လိုက်လျောညီထွေနေထိုင်နိုင်အောင်ဒေသပတ်ဝန်းကျင်ကိုပြင်ဆင်ခြင်း



### ခရိုင်

အဖွဲ့အစည်းတိုင်းနှင့် အတူပူးပေါင်းဆောင်ရွက်ခြင်း၊အတူပူးတွဲအလုပ်လုပ်ကိုင်ခြင်း၊ခရိုင်အတွင်းရှိယဉ်ကျေးမှုပေါင်းစုံဖြင့်အတူတကွနေထိုင်ခြင်းကိုဆက်လက်လုပ်ဆောင်ခြင်း

### စာဂါ့ခရိုင်တွင်နေထိုင်နေသောနိုင်ငံခြားသားများ၊ဂျပန်လူမျိုးများ

အတူတကွဒေသကိုထောက်ပံ့ကြမည့်အပေါင်းအဖော်များအဖြစ်ယဉ်ကျေးမှုပေါင်းစုံဖြင့်အတူတကွနေထိုင်နိုင်မည့်ဒေသမျိုးကိုဖန်တီးပြုလုပ်ခြင်း

### ပညာရေး

နိုင်ငံခြားသားကလေးငယ်များ၊ပညာတော်သင်ကျောင်းသားများပညာသင်ကြားသည့်နေရာ၊နေ့စဉ်ဘဝဖြတ်သန်းသည့်နေရာများ၏ပတ်ဝန်းကျင်ကိုပြင်ဆင်ခြင်း

### နိုင်ငံတကာနီးနှောဖလှယ်ပွဲ

နိုင်ငံတကာနီးနှောဖလှယ်ခြင်းနှင့်ယဉ်ကျေးမှုပေါင်းစုံဖြင့်အတူတကွနေထိုင်ခြင်းကိုအဓိကထား၍ထောက်ပံ့ခြင်းများကိုလက်တွေ့လုပ်ဆောင်ခြင်း

### ဒေသတွင်းရှိဂျပန်စာကျောင်းများ

ဂျပန်စာဂျပန်စကား၊ဂျပန်ယဉ်ကျေးမှု၊နေ့စဉ်ဘဝတွင်လိုအပ်သောသတင်းအချက်အလက်များ၊ဒေသနှင့်ဆက်စပ်မှုများကိုထောက်ပံ့သင်ကြားပေးခြင်း

### မြို့

အကျွမ်းတဝင်ရှိသောအုပ်ချုပ်ရေးအဖွဲ့အစည်းအနေဖြင့်အုပ်ချုပ်ရေးနှင့်သက်ဆိုင်သောဝန်ဆောင်မှုများထောက်ပံ့မှုများကိုအကောင်အထည်ဖော်လုပ်ဆောင်ခြင်း

နိုင်ငံသား၊ယောကျာ်းမိန်းမ၊မျိုးဆက်စသည်တို့နှင့်မသက်ဆိုင်ပဲစာဂါ့ခရိုင်တွင်နေထိုင်သောကျွန်တော်တို့သည်လူ့ဘောင်အသိုင်းအဝိုင်းကိုပြုလုပ်ရန်အဖွဲ့ဝင်များဖြစ်ကြသည်။အဖွဲ့ဝင်တိုင်းသည်ယဉ်ကျေးမှုပေါင်းစုံဖြင့်အတူတကွနေထိုင်နိုင်မည့်ဒေသမျိုးကိုဖန်တီးပြုလုပ်ခြင်းကိုအတူတကွပူးပေါင်းဆောင်ရွက်ကာ ကြိုးပမ်းသွားရန်လိုအပ်သည်။

## လက်တွေ့ကျသောကြိုးပမ်းမှုများကိုပုစ္ဆာတခု(နမူနာဇာတ်လမ်းဖြင့်ပုံဖော်ထားခြင်း)နှင့်အတူ ကြည့်ကြည့်ကြရအောင်

စာဂါ့ခရိုင်တွင်နေထိုင်နေသည့်နိုင်ငံခြားသားများနှင့်ဂျပန်လူမျိုးများ၏ရှုထောင့်မှဇာတ်လမ်းကိုဖတ်ကြည့်၍ဘယ်လိုဖြေရှင်းရမည့်ပုစ္ဆာရှိသလဲဆိုတာကိုစဉ်းစားကြည့်ကြရအောင်။ထို့အပြင်ထိုပုစ္ဆာကိုဖြေရှင်းရန်အတွက်လက်တွေ့တွင်လုပ်ဆောင်နေသောကြိုးပမ်းမှုများကိုဥပမာနှင့်တွဲကြည့်ကြည့်ကြရအောင်


### ဇာတ်လမ်း ၁ ဂျပန်လူမျိုးများ၊ နိုင်ငံခြားသားများက တကယ်ကိုနီးနှောဖလှယ်ချင်ကြပါလား?!

ကြိုးပမ်းမှုဦးတည်ချက် ၁



နိုင်ငံခြားသား

ကျွန်မကတော့အထူးကျွမ်းကျင်လုပ်သားတယောက်ဖြစ်ပါသည်။ဂျပန်ကိုရောက်တာနှစ်နှစ်ပြည့်ပြီဆိုပေမဲ့အခုအထိဂျပန်လူမျိုးများနှင့်နီးနှောဖလှယ်ဖူးတာသိပ်မရှိပါဘူး။ဂျပန်လူမျိုးတွေနဲ့ကတော့အလုပ်လုပ်တဲ့နေရာရဲ့ဂျပန်လူမျိုးဝန်ထမ်းတွေနဲ့အပြင်စကားမပြောဖူးပါဘူး။တကူးတကဂျပန်ကိုလာခဲ့တာမို့ဂျပန်အစားအစာ၊ယဉ်ကျေးမှုနှင့်ပတ်သက်၍ပိုမိုသိချင်ပါတယ်။ဂျပန်စာဂျပန်စကားကိုလည်းသင်ယူချင်ပါသည်။ဒီ့အပြင်ကျွန်မရဲ့မိခင်တိုင်းပြည်အကြောင်းနှင့်ပတ်သက်ပြီးလည်းဂျပန်လူမျိုးတွေပိုမိုသိရှိပါက ဝမ်းသာမိမှာပါ။



ဂျပန်လူမျိုး

အနီးအနားမှာနိုင်ငံခြားသားတွေအိမ်ပြောင်းလာပါသည်။လမ်းမကြီးတလျှောက်မှာရှိသည့်စက်ရုံတွင်အလုပ်လုပ်နေကြတဲ့ပုံဖြစ်သည်။စက်ဘီးလေးစီး၍အလုပ်သွားတာ၊ဈေးဝယ်ထွက်တာကိုအမြဲတွေ့နေရပါသည်။ဘယ်နိုင်ငံကနေလာကြပါသလဲ။အိမ်နီးနားချင်းတွေဖြစ်လို့စကားပြောကြည့်ချင်ပေမဲ့ဂျပန်လိုပြောတတ်မယ်မထင်ဘူး။

### ဇာတ်လမ်းနောက်ခံ

နိုင်ငံခြားသား

＊နိုင်ငံခြားသားများထဲတွင်ကိုယ့်လုပ်ငန်းခွင်နှင့်အိမ်နှင့်အသွားအပြန်လုပ်နေရုံပဲရှိပြီးလုပ်ငန်းခွင်ရှိဂျပန်လူမျိုးများမှလွဲ၍အခြားဂျပန်လူမျိုးများနှင့်ပတ်သက်မှုမရှိသည့်နိုင်ငံခြားသားများလည်းရှိသည်။

＊ဂျပန်ယဉ်ကျေးမှု၊ဓလေ့ထုံးစံ၊ဂျပန်စာဂျပန်စကားကိုသင်ယူချင်သည့် နိုင်ငံခြားသားများကများပြားပေမဲ့လည်း ထိုကဲ့သို့သင်ယူနိုင်မည့်အခွင့်အလမ်းကနည်းပါးလှသည်။ (တနည်းအားဖြင့် ထိုကဲ့သို့သင်ယူ၍ရသည်ဆိုသည့်သတင်းကိုလည်းမသိရှိထားကြပေ)

＊နိုင်ငံခြားသားများထဲတွင်ကိုယ့်မိခင်နိုင်ငံအကြောင်းကိုဂျပန်လူမျိုးများကိုပိုမိုသိရှိစေချင်သည့်နိုင်ငံခြားသားများလည်းရှိသည်။

ဂျပန်လူမျိုး

＊နိုင်ငံခြားသားများကအနီးနားမှာရှိပေမဲ့လည်းနီးနှောဖလှယ်ရန် အခွင့်အရေးမရှိပါ

＊နိုင်ငံခြားတိုင်းပြည်များ၏ ယဉ်ကျေးမှု၊ဘာသာစကားတို့တွင် စိတ်ဝင်စားပေမဲ့လည်းထိုအရာများနှင့်ထိတွေ့ဖို့အခွင့်အလမ်းမရှိပါ

＊ဒေသထဲမှာလည်း နီးနှောဖလှယ်ခြင်းကိုမြှင့်တင်ရန်လုပ်ဆောင်သည့်လူစွမ်းအားအရင်းအမြစ်များလည်းမရှိပါ

ကြိုးပမ်းမှုဥပမာမိတ်ဆက်

### စာဂါ့အပြည်ပြည်ဆိုင်ရာပွဲတော်

အဓိကပွဲကျင်းပသောအဖွဲ့အစည်း : စာဂါ့ခရိုင်အပြည်ပြည်ဆိုင်ရာနီးနှောဖလှယ်ခြင်းဆိုင်ရာအဖွဲ့(SPIRA)

စာဂါ့ခရိုင်တွင်နေထိုင်နေသည့်နိုင်ငံခြားသားများကအဓိကဇာတ်ဆောင်ဖြစ်မည့်နေ့

စာဂါ့အပြည်ပြည်ဆိုင်ရာပွဲတော်သည်စာဂါ့ခရိုင်တွင်နေထိုင်နေသည့်နိုင်ငံခြားသားများကအဓိကဇာတ်ဆောင်ဖြစ်မည့်နေ့ဖြစ်သည်။ထိုပွဲတော်တွင်ဂျပန်နှင့်မတူညီကွဲပြားသည့်နိုင်ငံခြားတိုင်းပြည်များ၏အမျိုးမျိုးသောယဉ်ကျေးမှု၊ဘာသာစကား၊ဓလေ့ထုံးစံတို့ကိုလူအမြောက်အများသိရှိသွားစေရန်ပွဲဖြစ်သည်။လက်ရှိစာဂါ့ခရိုင်တွင်နေထိုင်လျက်ရှိသည့်နိုင်ငံခြားသားများကမိမိတိုင်းပြည်၏ယဉ်ကျေးမှုကိုမိတ်ဆက်ပေးထားသည့်ယာယီတဲများ၊ကပြဖျော်ဖြေမှုများကိုလည်းစည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည်။ထို့အပြင်စာဂါ့ခရိုင်အတွင်းအပြင်ရှိအဖွဲ့အစည်းများနှင့်လည်းနီးနှောဖလှယ်နိုင်၍ဂျပန်ယဉ်ကျေးမှုကိုလည်းလက်တွေ့အတွေ့အကြုံယူနိုင်သည်။မည်သူမဆိုပါဝင်ဆင်နွှဲနိုင်သည့်အပြည်ပြည်ဆိုင်ရာပွဲတော်ကြီးဖြစ်သည်။





ဒီကနေ့အထိစကားမပြောဖူးသည့်ဒေသခံဂျပန်လူမျိုးများ၊နိုင်ငံခြားသားများနှင့်စကားပြော၍အားလုံးနှင့်ဆက်ဆံရေးပြေပြေလည်

ဇာတ်လမ်း၂　　ဂျပန်စာအပြင် အခြားဘာသာစကားဖြင့် ရှင်းလင်းချက်များကို နားထောင်နိုင်ပါသလား??

ကြိုးပမ်းမှုဦးတည်ချက် ၃



ကလေးကာကွယ်ဆေးထိုးရန်သွားခဲ့ပေမဲ့လည်းတခါတည်းဖြင့်ကာကွယ်ဆေး၄၊၅လုံးလောက်ထိုးပေးလိုက်လို့အရမ်းကိုထိတ်လန့်သွားခဲ့ပါသည်။ဆရာဝန်ကတော့[ပြဿနာမရှိဘူးနော်အဆင်ပြေတယ်]လို့ပြောနေခဲ့ပေမယ့်လည်းမိခင်တိုင်းပြည်မှာကတော့တခါတည်းဖြင့်ကာကွယ်ဆေး၄၊၅လုံးလောက်ထိုးပေးလိုက်တာဆိုတာမကြားဖူးဘူး။တကယ်ကတော့ကာကွယ်ဆေးအမျိုးအစားနှင့်ပတ်သက်၍အကုန်လုံးနားလည်ပြီးမှသာဆေးထိုးစေချင်ပေမဲ့လည်းရှင်းပြတာကအကုန်လုံးဂျပန်လိုဖြစ်သောကြောင့်ကောင်းကောင်းနားမလည်ပေမဲ့လည်း　　အိုကေလုပ်မိသွားပါသည်・・・

ကျွန်မကတော့ကလေးဆရာဝန်ဖြစ်ပါသည်။အခုတလောကျွန်မတို့ဆေးရုံမှာ နိုင်ငံခြားသားကလေးတွေ
ဆေးစစ်ရန်၊ကာကွယ်ဆေးထိုးရန်
ဆေးရုံကိုလာကြတာမထူးဆန်းတော့ပါဘူး။ကျွန်မကတော့နေ့စဉ်သုံးအင်္ဂလိပ်စာကိုအတိုင်းအတာတခုလောက်ထိပြောနိုင်ပေမဲ့လည်ဆေးပညာပိုင်းဆိုင်ရာများကိုအင်္ဂလိပ်လိုရှင်းပြဖို့ဆိုတာကခက်ခဲပါသည်။ဘယ်တော့လာမလဲဆိုတာလည်းမသိတဲ့ကလေးလူနာတွေအတွက်စကားပြန်ဝန်ထမ်းကိုအလုပ်ခန့်စရာလည်းမလိုတာကြောင့်အခက်တွေ့နေရပါတယ်။



ဇာတ်လမ်းနောက်ခံ

*ဂျပန်လူမျိုးဆရာဝန် နှင့်မိဘတိုင်းပြည်မှဆရာဝန် နှင့်ကွာခြားချက်မှာအခက်တွေ့တာများလည်းရှိသည်။

*နိုင်ငံခြားသားတယောက်အနေဖြင့် ဂျပန်ဘာဘာစကားဖြင့် ဆေးပညာပိုင်းဆိုင်ရာရှင်းပြချက်များကိုနားထောင်ရန် အခက်အခဲရှိသည်။

*ဘာသာစကားအတားအဆီးကရှိသည့်အတွက် နားမလည်သော်လည်းပဲ လက်လျှော့လိုက်ရတာမျိုးရှိသည်။

*အနည်းဆုံးတော့ လွယ်ကူသောဂျပန်စကားဖြင့် စကားပြောဆိုရပြီး စိတ်အေးရပါသည်။

*ဆေးပညာနှင့်သက်ဆိုင်သော ရှင်းပြချက်များကို နိုင်ငံခြားဘာသာစကားဖြင့်ရှင်းပြရခြင်းကခက်ခဲလှသည်။

*ဘာသာစကားအမျိုးမျိုးဖြင့် ဆေးကုသပေးနိုင်ရန် ဘာသာပြန်ကိုအလုပ်ခန့်ရဖို့ကလည်း ငွေကုန်ကြေးကျများသည်။

*ဘာသာစကားအမျိုးမျိုးဖြင့်စကားအပေးအယူလုပ်နိုင်သည့်ဝန်ဆောင်မှု (ဘာသာပြန်အထောက်အပံ့များ၊ ဘာသာပြန် call centerများ)ရှိသည်ကိုမသိရှိထားပါ။

ကြိုးပမ်းမှုဥပမာမိတ်ဆက်

## ဘာသာစကားအမျိုးမျိုးဖြင့် ဘာသာပြန် call centerကိုလက်တွေ့အသုံးချခြင်း

## အကောင်အထည်ဖော်လုပ်ဆောင်နေသည့်အဖွဲ့အစည်း　:

## စာဂါ့ခရိုင်အပြည်ပြည်ဆိုင်ရာနီးနှောဖလှယ်ခြင်းဆိုင်ရာအဖွဲ့ (SPIRA)

နိုင်ငံခြားသားများ၏အခက်အခဲများအတွက် နံပါတ်တစ်

ဘာသာစကားအမျိုးမျိုးဖြင့်ဘာသာပြန်နိုင်သောcallcenterကိုဆေးဘက်ဆိုင်ရာဌာနများ၊အုပ်ချုပ်ရေးဆိုင်ရာဌာနများ၊မူလတန်းနှင့်အလယ်တန်းကျောင်းများစသည့်ပညာရေးဆိုင်ရာဌာနများတို့တွင်လက်တွေ့အကောင်အထည်ဖော်နိုင်ရန်ပြင်ဆင်နေလျက်ရှိသည်။ထို့ကြောင့်ဆေးဘက်ဆိုင်ရာဌာနများတွင်မိခင်ဘာသာစကားဖြင့်ဆေးကုသမှုခံယူနိုင်ပြီးပြည်ထဲရေးနှင့်ဆိုင်သောဌာနများတွင်လည်းလုပ်ထုံးလုပ်နည်းများ၊စနစ်များကိုမိခင်ဘာသာစကားဖြင့်ရှင်းပြချက်များကိုရရှိနိုင်မည်။နိုင်ငံခြားသားများ၏ကလေးများတက်သည့်ကျောင်းများတွင်လည်းနိုင်ငံခြားသားမိဘများကိုဖုန်းမှတဆင့်မိခင်ဘာသာစကားဖြင့်ရှင်းပြနိုင်မည်။

※ဆေးဘက်ဆိုင်ရာဌာနတိုင်းတွင်ဘာသာစကားအမျိုးမျိုးဖြင့်ဘာသာပြန်ပေးနိုင်သည့်စနစ်ကိုထည့်မသွင်းထားပါ။ အသေးစိတ်သိရှိလိုပါက SPIRAတွင်မေးမြန်းစုံစမ်းနိုင်ပါသည်။




ကျောင်းကဆရာဆီကနေကလေးကိစ္စနှင့်ပတ်သက်ပြီးအရေးပေါ်ဖုန်းဝင်လာပေမဲ့လည်းဂျပန်လိုနားမလည်လို့အခက်တွေ့ခဲ့ပါသည်။ဒါပေမဲ့ဘာသာပြန်CallCenterရဲ့ကျေးဇူးကြောင့်ကလေးကိစ္စစကားပြောဆိုနိုင်သွားပါသည်။



ဇာတ်လမ်း၃


## ဂျပန်စာဂျပန်စကား၊ဂျပန်ယဉ်ကျေးမှုကိုပိုမိုလေ့လာချင်သည်!

ကြိုးပမ်းမှုဦးတည်ချက် ၄



နိုင်ငံခြားသား

ကျွန်တော်ကတော့အထူးကျွမ်းကျင်လုပ်သားဖြစ်ပါသည်။ဂျပန်စာဂျပန်စကားကိုပိုမိုလေ့လာချင်ပြီးဂျပန်အကြောင်းကိုလည်းပိုမိုသိချင်ပါသည်။ဂျပန်စာကိုလေ့လာချင်ပေမဲ့လည်းအိမ်အနီးအနားမှာကမရှိဘူးဖြစ်နေပါသည်။အလုပ်များသည့်တနင်္လာနေ့မှသောကြာနေ့အထိကတော့မသွားနိုင်သောကြောင့်စနေနေ့ဆိုလျှင်တော့အပတ်တိုင်းပါဝင်နိုင်ပါသည်။အကယ်၍အိမ်နားမှာမရှိဘူးဆိုရင်တောင်အွန်လိုင်းကနေပဲဖြစ်ဖြစ်
အဆင်ပြေတာကြောင့် ပါဝင်ကြည့်ချင်ပါသည်။



ဂျပန်လူမျိုး

ကျွန်မကတော့ဒေသတွင်းရှိဂျပန်စာကျောင်းတွေကိုစီမံဆောင်ရွက်နေသည့်ဝန်ထမ်းတဦးဖြစ်ပါသည်။

စာသင်ခန်းမှာစာသင်သူအများကြီးလာအောင်လက်ကမ်းစာစောင်တွေပြုလုပ်ပြီးအများသိအောင်ကြိုးပမ်းနေပါသည်။သို့ပေမဲ့လည်း

စာသင်သူသိပ်မလာကြတဲ့အခြေနေဖြစ်နေပါသည်။

အလုပ်ပြီးလျှင်လာနိုင်မည့် တနင်္လာနေ့ မှသောကြာနေ့ ညများတွင်အတန်းဖွင့်ပြီး စာသင်ခန်းကတော့ အားလုံးသိကြသည့် အစိုးရရုံး၏ အစည်းအဝေးခန်းမမှာဖြစ်ပါသည်။

အွန်လိုင်းအတန်းတွေကတော့

တခါလုပ်ကြည့်ပေမဲ့လည်းပါဝင်သူနည်းခဲ့တာမို့လောလောဆယ်လူချင်းတွေ့ပြီးစာသင်ဖို့ကိုပဲစဉ်းစားထားပါသည်။ပိုပြီးပါဝင်သူနိုင်ငံခြားသားများကိုတိုးပွါးလာစေချင်ပြီးစာသင်ခန်း၏စီမံခန့်ခွဲမှုကိုလုပ်ဆောင်နိုင်မည့်ဒေသခံလူတွေကိုလည်းတိုးပွါးလာစေချင်ပေမဲ့…

## ဇာတ်လမ်းနောက်ခံ

နိုင်ငံခြားသား

*ဂျပန်စာဂျပန်စကား၊ဂျပန်ယဉ်ကျေးမှုနှင့်ပတ်သက်ပြီးလေ့လာချင်ပြီး ဂျပန်လူမျိုးများနှင့်နီးနှောဖလှယ်ချင်တယ်လို့တွေးနေသည့်နိုင်ငံခြားသားများလည်းမနည်းလှပါဘူး။

*အလုပ်အခြေနေကြောင့် စာသင်ခန်းမှာစာသင်ရန်မပါဝင်နိုင်သည့် နေ့ရက်တွေအချိန်တွေလည်းရှိသည်။

*စာသင်ခန်းကဝေးသောကြောင့် အသွားအပြန်လုပ်ရန်အတွက် အဆင်မပြေတာမျိုးလည်းရှိသည်။

*အွန်လိုင်းကနေဆိုရင်တော့ပါဝင်နိုင်သည့်ကျောင်းသားများလည်းရှိသည်။

ဂျပန်လူမျိုး

*စာသင်သူ၏လိုအပ်ချက် (စာသင်မည့်နေရက်၊အချိန်၊နေရာ)အတိုင်းဖြည့်စည်းပေးနိုင်မည့်စာသင်ခန်း မဖြစ်နိုင်သေးခြင်း။

*စာသင်ခန်းနှင့်ပတ်သက်သည့်သတင်းများက နိုင်ငံခြားသားနေထိုင်သူတွေထံရောက်ရှိလားဆိုတာမသိရှိနိုင်ပါ။

*စာသင်သည့်ပုံစံကို ၃၊၄မျိုးမပြင်ဆင်ထားပါ။ (လူချင်း/အွန်လိုင်း)

*ဒေသတွင်းဂျပန်စာစာသင်ခန်းများကိုစီမံခန့်ခွဲနိုင်သည့်လူစွမ်းအားအရင်းအမြစ်လည်းမလုံလောက်ပါ

ကြိုးပမ်းမှုဥပမာမိတ်ဆက်

## ဒေသတွင်းရှိဂျပန်စာသင်ကျောင်းများ

ခရိုင်အတွင်းတွင်လုပ်အားပေးများ၊မြို့မှစီမံနေသည့်ဒေသတွင်းဂျပန်စာကျောင်းများကိုမြို့၁၂မြို့တွင်ဂျပန်စာကျောင်း၁၉ကျောင်းဖွင့်လှစ်ထားရှိထားသည်။ ထို့အပြင် လက်ရှိ မြို့၅မြို့တွင် စာသင်ကျောင်းအသစ်များထားရှိရန်ပြင်ဆင်နေလျှက်ရှိသည်။ ဆက်ဆက်ပါဝင်ကြည့်ကြပါ။

*ဂျပန်စာသင်ကျောင်းများနှင့်ပတ်သက်သည့်သတင်းအချက်အလက်များကိုအောက်ပါစာဂါ့ခရိုင်အပြည်ပြည်ဆိုင်ရာနီးနှောဖလှယ်ခြင်းဆိုင်ရာအဖွဲ့၏HomePageတွင်ကြည့်ရှုစစ်ဆေးနိုင်သည်။

https://www.spira.or.jp/japanese/





တခုခုနားမလည်ပါက ၊အခက်တွေ့ပါက မည်သူမဆို
အခမဲ့တိုင်ပင်ဆွေးနွေးနိုင်မည့်နေရာကိုစီစဉ်ထားပါသည်။

ကြိုးပမ်းမှုဦးတည်ချက် ၂

## စာဂါ့ယဉ်ကျေးမှုပေါင်းစုံဖြင့်အတူတကွနေထိုင်ခြင်းစင်တာ

ဤစင်တာသည်စာဂါ့ခရိုင်တွင်လက်ရှိနေထိုင်နေသောနိုင်ငံခြားသားများနှင့်သက်ဆိုင်၍တိုင်ပင်ဆွေးနွေးပေးသောနေရာဖြစ်သည်။တခုခုနားမလည်ပါက၊အခက်တွေ့ပါက (နေထိုင်မှုပုံစံအလေ့အထ၊ပညာရေး၊ဆေးကုသမှု၊အာမခံ၊အလုပ်အကိုင်၊ဂျပန်စာဂျပန်စကား၊ကလေးပြုစုပျိုးထောင်ခြင်း)စသည့်အကြောင်းအရာများကိုအခမဲ့တိုင်ပင်ဆွေးနွေးနိုင်သည်။ တိုင်ပင်ဆွေးနွေးပေးသူ ဝန်ထမ်းသည် ဖုန်း၊မေးလ်၊Facebook ၊ Messenger၊ LINE ကိုအသုံးပြု၍ အမျိုးမျိုးသောဘာသာစကားဖြင့် တိုင်ပင်ဆွေးနွေးပေးပါမည်။ Facebook ၊ LINE မှာကတော့ ဘေးအန္တရာယ်နှင့်ပတ်သက်သောသတင်းအချက်အလက်များ၊ နေ့စဉ်ဘဝတွင်အသုံးဝင်မည့်သတင်းအချက်အလက်များကို အမျိုးမျိုးသောဘာသာစကားဖြင့် ပေးပို့နေပြီဖြစ်သောကြောင့် ဆက်ဆက် Register သွင်းပေးပါ။

※ဝန်ထမ်း၏အခြေနေနှင့်လိုက်၍လူချင်းတွေ့ကာမိခင်ဘာသာဖြင့်တိုင်ပင်ဆွေးနွေးခြင်းမလုပ်နိုင်သည့်အခြေအနေများလည်းရှိသည်။ထိုအချိန်တွင်ဖုန်းဖြင့်ဘာသာပြန်ဆိုခြင်းကိုအသုံးပြုနိုင်သည်။



တိုင်ပင်ဆွေးနွေးနိုင်သည့်နည်းလမ်းများ

**You can consult with us in various ways.**

**SNS**

**LINE** ID: @921uckas

**Messenger** SpiraSaga

**Tel** 0952-22-7830

**E-mail** info@spira.or.jp

**¥0** တိုင်ပင်ဆွေးနွေးခ အခမဲ့ဖြစ်သည်

လျို့ဝှက်ချက်ကိုထိန်းသိမ်းထားမည်!

**Free & Confidential!**

ဥပဒေ၊ ဗီဇာ၊ နေထိုင်ခွင့်တို့နှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးနိုင်သည်။ရှေ့နေ၊ ဥပဒေနှင့်ပတ်သက်သောစာရွက်စာတမ်းများကိုကြီးကြပ်ဆောင်ရွက်သူ စသည့် ကျွမ်းကျင်သူများနှင့်လည်း တိုင်ပင်ဆွေးနွေးနိုင်သည်

သင့်၏ ဘာသာစကားဖြင့် တိုင်ပင်ဆွေးနွေးနိုင်သည်

**You can consult us in your language.**

English／英語　中文／中国語　한국어／韓国語
Tiếng Việt／ベトナム語　ภาษาไทย／タイ語
Filipino／タガログ語　မြန်မာဘာသာ／ミャンマー語
नेपाली／ネパール語　Bahasa Indonesia／インドネシア語
සිංහල භාෂාව／シンハラ語　বাংলা／ベンガル語
Français／フランス語　Русский язык／ロシア語
Italiano／イタリア語　Deutsch／ドイツ語
Bahasa Melayu／マレー語　ភាសាខ្មែរ／クメール語
Монгол хэл／モンゴル語　Português／ポルトガル語
Español／スペイン語　हिंदी／ヒンディー語

### တိုင်ပင်ဆွေးနွေးနိုင်သည့်အချိန်

တနင်္လာနေ့မှသောကြာနေ့
၉နာရီမှ၁၂နာရီ ၊ ၁၃နာရီမှ၁၆နာရီ

### လိပ်စာ

စာဂါ့မြို့ဟာခုဆန်းစီရင်စု၂နံပါတ်၁၊အမှတ်၁၂၊စာဂါ့ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်းတိုက် ၁လွှာ

### HP

https://www.spira.or.jp/cmss/